

Photo Credit: Catriona Knapman

# ခြားနားသောရှုထောင့်တစ်မျိုးမှ မြေယာစီမံအုပ်ချုပ်မှုကို ကြည့်ရှုခြင်း – မြန်မာအမျိုးသမီးလယ်သမားများနှင့် အတူ ပူးပေါင်းပါဝင်မှုရှိသော ဓါတ်ပုံနည်းပညာကို အသုံးပြုခြင်း

Catriona Knapman -ဖေဖော်ဝါရီ ၂၀၁၉

ပူးပေါင်းပါဝင်မှုရှိသော ဓာတ်ပုံနည်းပညာသည် ထိခိုက်ခံစားရလွယ်သည့် အစုအဖွဲ့များ၏ သိမ်မွေ့စွာ ခြားနားနေသည့်အမြင်များကို သုတေသီများ သိရှိနားလည်နိုင်စေမည့် ဆန်းသစ်သည့် နည်းလမ်းတစ်ခုဖြစ်သည်။ သို့သော် လက်တွေ့တွင် မည်သို့ ရှိနေသနည်း။ ဤအကျဉ်းချုပ်လမ်းညွှန်တွင် ပူးပေါင်းပါဝင်မှုရှိသော ဓာတ်ပုံနည်းပညာအကြောင်း၊ သုတေသီများအနေဖြင့် ထိုနည်းပညာကို အသုံးပြုရန် စဉ်းစားကြည့်သင့်ရသည့် အကြောင်းရင်း နှင့် နည်းပညာလက်တွေ့အသုံးချပုံတို့ကို ဖော်ထုတ်တင်ပြထားပါသည်။ မြေယာမဏ္ဍိုင်အဖွဲ့၏ မြေယာနှင့် ကျားမလူမှုရေးရာစီမံချက်တွင် ဖြစ်ရပ်မှန်အကြောင်းအရာများကို အသုံးပြုခြင်းဖြင့် သင်ခန်းစာ ယူစရာများနှင့် မြန်မာနိုင်ငံအတွင်း ကျေးလက်ဒေသရှိ ကျားမလူမှုရေးရာဆက်စပ်မှုအခြေအနေဆိုင်ရာ ထုတ်ဖော်တွေ့ရှိချက်များတွင် ထိုနည်းပညာကို မည်သို့ ထည့်သွင်းအသုံးပြုနိုင်မည်ကို ဆင်ခြင်သုံးသပ်ခဲ့ကြသည်။

## ပူးပေါင်းပါဝင်မှုရှိသော ဓာတ်ပုံနည်းပညာဆိုသည်မှာ

သုတေသီများ၊ ပညာရှင်များမှ ပုံဖော်ဆောင်ရွက်သည့် သမားရိုးကျ နည်းလမ်းများနှင့် နှိုင်းယှဉ်ကြည့်ပါက ပူးပေါင်းပါဝင်မှုရှိသော သုတေသန နည်းလမ်းများသည် လုပ်ပိုင်ခွင့်ကို ပါဝင်သူများထံအပ် နှင်းကာ ၎င်းတို့ကိုယ်တိုင်အား မည်သည့်အချက်အလက်များကို မည်သည့်ပုံစံ ဖြင့်မျှဝေမည်ကို ဆုံးဖြတ်ခွင့် ပေးထားသည်။ ပူးပေါင်း ပါဝင်မှုရှိသော နည်းလမ်းတစ်မျိုးအနေဖြင့် ဤဓာတ်ပုံနည်း ပညာသည် (လန်ဒန်အခြေစိုက် ပရဟိတအဖွဲ့ PhotoVoice ၏ ဓာတ်ပုံဖြင့် လူသိထင်ရှားအောင် ထုတ်ဖော်ပြောဆိုခြင်း) ပုံမှန်အားဖြင့် ဓာတ်ပုံရိုက်ခံရသည့် လူထု/ ပါဝင်သူများအား ကင်မရာ ပေးအပ်လိုက်ပြီး ၎င်းတို့ဖြစ်ရပ်များကို ၎င်းတို့ကိုယ်တိုင် ပုံဖော်ပြောဆိုနိုင်စေခြင်းပင် ဖြစ်သည်။

## ပူးပေါင်းပါဝင်မှုရှိသော ဓာတ်ပုံနည်းပညာကို အသုံးပြုရသည့် အကြောင်းအရင်း

သုတေသနများတွင် ဓာတ်ပုံအသုံးပြုခြင်းသည် ဆွေးနွေးမှုများဖြစ်လာစေရန် လှုံ့ဆော်ပေးနိုင်ပြီး အတွေးများ၊ ခံစားချက်များ၊ ကိုယ်တွေ့ဖြစ်ရပ်များကို ဖော်ထုတ်နိုင်စေသည့် နည်းလမ်းတစ်ခု ဖြစ်သည်။ ဓာတ်ပုံများသည် အခြေခံစာတတ်မြောက်မှု အားနည်းသူများ၊ အစည်းအဝေးများတွင် ပြောရဲဆိုရဲမရှိသူများအား ဆွေးနွေးပွဲတွင် ပါဝင်နိုင်စေရန် အထောက် အကူပြုစေသည်။ တက်ရောက်သူများကို မိမိတို့ပုံများအား မိမိတို့ကိုယ်တိုင် ရိုက်ယူရန် အခွင့်ပေးထားခြင်းဖြင့် ဤဓါတ်ပုံနည်းပညာသည် လူတစ်ဦးချင်း ထုတ်ဖော်ခွင့်ကို အားကောင်းစေပြီး မြန်မာနိုင်ငံရှိ အချို့ အမျိုးသမီးလယ်သမားများကဲ့သို့ ဖယ်ကြဉ်ခံရသူအုပ်စုတို့၏ အသံများကို ထုတ်ဖော်နိုင်ရန် အခွင့်အလမ်းများဖန်တီးပေးစေသည်။

## မြေယာမဏ္ဍိုင်အဖွဲ့၏ မြေယာနှင့် ကျားမရေးရာစီမံချက်

မြန်မာနိုင်ငံ၏ မြေယာအုပ်ချုပ်မှုပုံစံများ ပြောင်းလဲပုံပေါ်လာသည့်အတွက် အမျိုးသမီးများ၏ အမြင်ကိုရယူမျှဝေရန် အလွန်အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးများသည် မြေယာနှင့်ပတ်သက်လျှင် အရေးပါသည့်အခန်းကဏ္ဍများတွင် ပါဝင်နေသော်လည်း မြေယာမူဝါဒ ရေးဆွဲရေးနှင့် နိုင်ငံအဆင့်ဆွေးနွေးမှုများ တွင် ၎င်းတို့အသံကို မကြားရသလောက် ဖြစ်နေသည်။

၂၀၁၇ ခုနှစ်တွင် စတင်ခဲ့သော မြေယာမဏ္ဍိုင်အဖွဲ့၏ မြေယာနှင့် ကျားမရေးရာစီမံချက်သည် မြန်မာ့မြေယာအုပ်ချုပ်မှုတွင် ဖြစ်တည်နေသော ကျားမရေးရာ ဆက်စပ် တုံ့လှယ်မှုအနေအထားကို ပိုမိုနားလည်လာနိုင်ရန် ရည်ရွယ်သည်။

ထိုစီမံချက်သည် ကလေးမြို့နယ် (စစ်ကိုင်းတိုင်းဒေသကြီး)၊ ကော့ကရိတ် (ကရင်ပြည်နယ်) နှင့် ထားဝယ်မြို့နယ် (တနင်္သာရီတိုင်းဒေသကြီး) တို့တွင် ကွင်းဆင်းစစ်တမ်းများ၊ တွေ့ဆုံမေးမြန်းမှုများနှင့် ပူးပေါင်းပါဝင်မှုရှိသော ဓာတ်ပုံနည်းပညာ အစရှိသည့် သုတေသနနည်းနာအမျိုးမျိုးကို အသုံးပြုခဲ့သည်။ အခြားနည်းနာများနှင့်ယှဉ်တွဲ၍ ပူးပေါင်းပါဝင်မှုရှိသော ဓာတ်ပုံနည်းပညာသည် အမျိုးသမီးလယ်သမားများ၏ ၎င်းတို့နေ့စဉ် ဘဝနှင့် အခန်းကဏ္ဍအပေါ် အမြင်၊ မြေယာအသိဗဟုသုတတို့ကို ပိုမိုနက်ရှိုင်းစွာနားလည်စေခဲ့သည်။ ၎င်းနည်းပညာသည် အရေးဆိုတိုက်တွန်း ရေးနှင့် ဆက်သွယ်ဆောင်ရွက်ရေးတို့ကို ပိုမိုခိုင်မာလာစေရန် အသုံးပြုနိုင်သည့် ရိုက်ခတ်နိုင်စွမ်းအားကြီးသည့် ပုံရိပ်များ၊ ဖြစ်ရပ်များကို အမိအရ ရယူနိုင်စေခဲ့သည်။

Funded By:

Livelihoods and Food Security Trust Fund

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

Swiss Agency for Development and Cooperation SDC

Contact Us:

www.lcgmyanmar.org

@landcoregroup

info@lcgmyanmar.org

## သဘောတူညီမှု တောင်းခံခြင်း

ပူးပေါင်းပါဝင်မှုရှိသော ဓာတ်ပုံနည်းပညာသုံးရာတွင် သဘောတူညီမှုတောင်းခံခြင်း နှစ်မျိုး လိုအပ်သည်။

ပထမအနေဖြင့် ပါဝင်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် သူတို့၏ပုံများကို စီမံကိန်းရလဒ်အကြောင်း ရေးသားရာတွင် အသုံးပြုရန် သဘောတူကြောင်း ခွင့်ပြုချက် ရရှိရန် အရေးကြီးပါသည်။

ပါဝင်သူများအား ၎င်းတို့ရိုက်ကူးလာသည့်ဓာတ်ပုံအချို့ သို့မဟုတ် အားလုံးကို အသုံးပြုခြင်းအား ငြင်းပယ်ပိုင်ခွင့်ကိုလည်း ပေးအပ်ရန် အရေးကြီးပါသည်။

ဒုတိယအဆင့်မှာမူ ပါဝင်သူများသည် ဓာတ်ပုံရိုက်သည့်အခါ ဓာတ်ပုံတွင် ပါဝင်သူများထံမှ သဘောတူညီမှုကို တောင်းခံရန် အရေးကြီးကြောင်း မှာကြားထားရန် လိုအပ်ပါသည်။

အထူးသဖြင့် ထိုဓာတ်ပုံများအား ကျယ်ပြန့်စွာ ဖြန့်ဝေမည်ဆိုလျှင်နှင့် ထိခိုက်လွယ် အကဲဆတ်သည့် ကိစ္စများ ပါဝင်နေလျှင် သဘောတူညီမှုရယူခြင်းသည် အထူးအရေးကြီးသည်။

## ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းအတွက် အဓိကအကြောင်းအရာများ

စိုက်ပျိုးရေးလုပ်ငန်းများ သည် အမျိုးသမီးတို့အခန်းကဏ္ဍကို သတ်မှတ်ပေးသည့် ဒေသတွင်း ယုံကြည်မှုအသေးစိတ်ကို ပေါ်လွင်စေသည့်အတွက် ၎င်းအား ထင်ရှားစွာ ဖော်ထုတ်ခဲ့ကြသည်။ ဥပမာ အချို့ပါဝင်သူများသည် သတ္တုတွင်းများပုံကို ရိုက်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် သတ္တုတွင်းစောင့်နတ်များမှ စိတ်ဆိုးမည်စိုးသည့်အတွက် အမျိုးသမီးများအား ဝင်ရောက်ခွင့်မပြုသောကြောင့် ဖြစ်သည်။အမျိုးသမီးများသည် ပညာရေးဆိုင်ရာဓာတ်ပုံများ ဥပမာ ကျောင်းများ ကျောင်းဝတ်စုံဝတ်ကလေးများပုံများကို ရိုက်ခဲ့ကြသည်။

ရေအရင်းအမြစ်များနှင့် အခြေခံအဆောက်အအုံများသည် တံတားပုံများ၊ လမ်းပုံများ၊ ရေလှောင် ၏ ကန်များမှတဆင့် ဖော်ထုတ်ခဲ့ကြပြီး ရေရယူသိုလှောင်ခြင်းဆိုင်ရာ ဖြစ်ရပ်များဖြင့်လည်း ဖွင့်ဟခဲ့ကြသည်။

ဘာသာရေး သည်လည်း ထင်ရှားသည့်ကဏ္ဍမှ ပါဝင်နေပြီး ဘုရားကျောင်းကန်များ၊ စေတီပုထိုးများနှင့် ဆုတောင်းပူဇော်ပွဲများတွင် မြင်တွေ့နိုင်သည်။

ဓာတ်ပုံများတွင် မိသားစုဝင်များစွာ ပါရှိခဲ့သော်လည်း ပါဝင်သူမည်သူကမျှ ၎င်း၏ ခင်ပွန်းပုံကို မတင်ပြခဲ့ ကြချေ။

## ပူးပေါင်းပါဝင်မှုရှိသောဓာတ်ပုံနည်းပညာအားလက်တွေ့ကျင့်သုံးခြင်း

အထက်ဖော်ပြပါမြို့နယ်သုံးခုတွင် ဆောင်ရွက်သည့်အခါ PhotoVoice တွင် ဖော်ပြသည့် နည်းလမ်းကို အသုံးပြုပြီး အမျိုးသမီးလယ်သမား ၆ ဦးမှ ၈ ဦးအထိပါဝင်သော အစုအဖွဲ့များနှင့် ပူးပေါင်းပါဝင်မှုရှိသော ဓာတ်ပုံနည်းပညာကို ဆောင်ရွက်ခဲ့ပါသည်။ ဒေသခံ အရပ်ဖက်အဖွဲ့များနှင့် နီးကပ်စွာပူးပေါင်း၍ မတူညီသော လူမျိုး၊ ဘာသာ၊ အသက်အရွယ်၊ အိမ်ထောင်အခြေအနေမျိုးစုံပါဝင်သော အမျိုးသမီးများ၏ အတွေ့အကြုံကို ဖမ်းဆုပ်နိုင်စေရန်ရည်ရွယ်ပြီး အမျိုးသမီး ၁၉ ဦးကို ရွေးချယ်ခဲ့ပါသည်။

ပထမဦးစွာ သင်တန်းသူများအား ဓာတ်ပုံကောင်းများ ရိုက်ယူခြင်းထက် မိမိကအိုယ်ကို ယုံကြည်မှုပိုမိုရှိစေရေးအတွက် အခြေခံအမြင် အယူအဆဆိုင်ရာ စွမ်းရည်နှင့် ကင်မရာအသုံးပြုမှု စွမ်းရည်တို့ကိုမြှင့်တင်ပေးရန် သင်တန်းစဉ်များကို တက်ရောက် စေခဲ့ပါသည်။

### အဆင့် ၂ – ဓါတ်ပုံရိုက်ခြင်း

သင်တန်းစဉ်များပြီးဆုံးသောအခါ သင်တန်းဆင်းများသည် ဒီဂျစ်တယ်ကင်မရာ ရိုးရိုးများကို အသုံးပြုကာ ရွေးချယ်ပေးထားသည့်အကြောင်းအရာများ ဥပမာ -ကျွန်မဘဝတစ်နေ့တာ-၊ -ယခင်နှင့်ယခု-၊ -ကျွန်မတို့ ရပ်ရွာ၏အပြောင်းအလဲများ- စသည်တို့ကို အခြေခံ၍ ဓာတ်ပုံများ ရိုက်ကူးခဲ့ကြပါသည်။

### အဆင့်၃– အချက်အလက်များကောက်ယူခြင်း

ကျွန်ုပ်တို့သည် အမျိုးသမီးများ၏ ဓာတ်ပုံများနောက်ကွယ်ရှိ အဓိပ္ပါယ်ကို ဖော်ထုတ်ရန်နှင့် ပိုမိုလေ့လာနိုင်ရန် အပြန်အလှန်ဆွေးနွေးခြင်းများ၊ အလွတ် သဘောမေးမြန်းခြင်းများမှတဆင့် အကြံပြုမှတ်ချက်ပေးခြင်း အစီအစဉ်များကို လုပ်ဆောင်ခဲ့သည်။ ထိုအစီအစဉ်များတွင် သင်တန်းဆင်းများအား ကိုယ်ပိုင် ဓာတ်ပုံအက်ဆေးများ ဖန်တီးနိုင်စေရန်လည်း ကူညီခဲ့သည်။ ခွင့်ပြုချက်ရယူပြီး ဆွေးနွေးမှုများအား မှတ်တမ်းတင်ပြီး တစ်ဦးလျှင် ဓာတ်ပုံ ၁၀ ပုံ၊ စုစုပေါင်း ပုံ ၁၉၀ ကို ရွေးချယ်ခဲ့သည်။

## ရလဒ်များ

ဆွေးနွေးခြင်းနှင့် ခွဲခြမ်းစိပ်ဖြာသုံးသပ်ခြင်းများမှတဆင့် ကျေးလက်နေ အမျိုးသမီးများနှင့်ပတ်သက်၍ ကြိုတင်ယူဆထားမှုများကို စိန်ခေါ်ကိုင်လှုပ်နိုင်ခဲ့သည့် အရေးကြီးလှပြီး အံ့အားသင့်ဖွယ် တူရှုချက်များကို ဖြစ်ရပ်များတွင် တွေ့ရှိခဲ့ရသည်။ ဥပမာ အမျိုးသမီးများသည် ဓလေ့ထုံးတမ်းအလေ့အထများ၊ သက်မွေးဘဝအခြေအနေနှင့် ဒေသတွင်းလူမှုအပြောင်းအလဲများကို အသေးစိတ်သိရှိထားကြောင်း ပြသနိုင်ခဲ့သည်။
၎င်းသည် အမျိုးသမီးသည် အသိဗဟုသုတအားနည်းသည်၊ မြေယာဆိုင်ရာ ဆုံးဖြတ်ခြင်း၊ ဦးဆောင်ခြင်းများမှ ဖယ်ထုတ်ထားသင့်သည်ဆိုသည့်အချက်နှင့် ဆန့်ကျင်နေပေသည်။ မြေယာသည် သက်မွေးဝမ်းကျောင်းအတွက်သာမက လူမှုဘဝ၊ မိသားစုဘဝတို့အတွက်ပါ အဓိကကျကြောင်းဖော်ပြနေသည့် ဖြစ်ရပ်များကိုလည်း များစွာတွေ့ခဲ့ရသည်။ ၎င်းသည် မြေယာဥပဒေများနှင့် မူဝါဒတို့တွင် ဈေးကွက်ရှုထောင့်အရသာ တန်ဖိုးဖြတ်ထားခြင်းနှင့် ဗီလာဆန့်ကျင်နေသည်။


Photo Credit: Catriona Knapman




### ဒေါ်စံပယ်၊ ထားဝယ်
### အမျိုးသမီးတစ်ဦး၏လက်မှုပညာကျွမ်းကျင်မှု

သူသည် ကျေးရွာအုပ်ချုပ်ရေးမှူး၏ အစ်မဖြစ်သည်။ သူတို့၏ ဘိုးဘွားပိုင်မြေကို ခွဲခြမ်းကာ မောင်ဖြစ်သူကို ပေးခဲ့သည်။ သို့သော် အခုနေအိမ် တွင်ဆက်လက်နေထိုင်ခြင်းမှလွဲ၍ သူ ဘာမှ မရခဲ့ပါ။ နေအိမ်တွင် နေထိုင်ရင်း ပူးတွဲပါတာဝန်ဖြစ်သည့် သက်ကြီးမိဘများကို စောင့်ရှောက်ရသည့်တာဝန်ကိုပါ အမွေဆက်ခံခဲ့ရသည်။

သူသည် အဝတ်အစားများကို လက်ချုပ်ချုပ်တတ်သော်လည်း တနိုင်တပိုင်သာ ဖြစ်သည်။ သူ ပျော်ရွှင်သော်လည်း ထိုကျွမ်းကျင်မှုသည် မိဘများကို ကောင်းစွာ စောင့်ရှောက်နိုင်လောက်အောင် မလုံလောက်ပါ။ မောင်ဖြစ်သူထံမှလည်း မိဘများ အတွက် ငွေကြေးထောက်ပံ့မှုမရပါ။ ရွာတွင် ထိုပြဿနာ မျိုးသည် တွေ့ရလေ့ရှိပြီး အမျိုးသမီးများသည် အမျိုးသမီးဖြစ်ခြင်းကြောင့် ထိုသို့ခံစားနေရခြင်း ဖြစ်သည်။ ထိုအဖြစ်မျိုးသည် ယခုအခါ ဓလေ့ထုံးတမ်းပမာ ဖြစ်နေခဲ့ပြီဖြစ်သည်။

## သင်ခန်းစာများ

**၁။ လုံခြုံပြီး အထောက်အကူပြုသောဝန်းကျင်တစ်ရပ် ဖန်တီးခြင်း -**
ပူးပေါင်းပါဝင်မှုရှိသော ဓာတ်ပုံနည်းပညာအသုံးပြုရာတွင် ကူညီပံ့ပိုးမှုသည် အရေးကြီးသည့်အကြောင်းတစ်ရပ်ဖြစ်သည်။ အပြုသဘောဆောင်သော အဖွဲ့တွင်းအခြေအနေနှင့် ယုံကြည်မှုရပ်ဝန်းတည်ဆောက်ခြင်းသည် ပါဝင်သူများအား ၎င်းတို့ပုံများနှင့်တွဲဖက်ကာ ဖြစ်ရပ်များကို ယုံကြည်မှုရှိစွာ မျှဝေစေနိုင်သည်။

**၂။ ပါဝင်သူများ၏ အကြံဉာဏ်များအား အတည်ပြုခြင်း -**
အချို့ပါဝင်သူများသည် ကျားမရေးရာ ခွဲခြားဆက်ဆံမှုဓလေ့များအား အားပေးသည့် အတွေးများအား ဖော်ပြခဲ့သည်။ ပါဝင်သူများအား ရိုးသားစွာပြုမူရန်နှင့် မိမိ၏ ယုံကြည်မှုများနှင့် ဆန့်ကျင်သည့်အခါမှာပင် ၎င်းတို့၏ အကြံဉာဏ်များအား အတည်ပြုနိုင်စေရန် အားပေးခြင်းသည် အရေးကြီးကြောင်း တွေ့ခဲ့ရသည်။ ထိုသို့ဖြင့် အားလုံး၏ အတွေးအကြံများသည် ပါဝင်သူများအတွက် ပိုမိုအားဖြစ်စေသည်။

**၃။ ဓါတ်ပုံများ အသုံးပြု၍ တီထွင်ဖန်တီးမှုရှိသော ကစားနည်းများ ဖန်တီးခြင်း -**
ကင်မရာဂိမ်းများကစားခြင်း၊ လှုပ်လှုပ်ရှားရှား ပျော်ရွှင်ရင်းနှီးစေသောဂိမ်းများ ကစားခြင်းနှင့် ပုံကပ်ခြင်းများဖြင့် စီမံချက်တွင် ပြဿသရုပ်ဖော်မှုတစ်ခုကို ထည့်သွင်းပေါင်းစပ်ခဲ့ပါသည်။ ၎င်းသည် အချင်းချင်းယုံကြည်မှုတည်ဆောက် ရန်နှင့် ပါဝင်ရန် မိမိကိုယ်ကိုယုံကြည်မှုရရှိစေရန် အရေးပါသော သင်တန်း၏အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့သည်။

**၄။ ခွဲခြမ်းစိတ်ဖြာသုံးသပ်ရန်အတွက် စနစ်တကျတည်ဆောက်ထားသည့် နည်းလမ်းကို အသုံးပြုခြင်း -**
အမျိုးသမီးများ၏အသံကို ကိုယ်စားပြုဖော်ပြစဉ်တွင် များသောအားဖြင့် တွေ့ရှိရသော အကြောင်းအရာများနှင့် အမှတ်ရဖွယ်ဖြစ်ရပ်များကို ဖော်ထုတ်ရန် လုပ်ဆောင်ခဲ့ကြသည်။ ဖြစ်ရပ်များကို အခြားလေ့လာမှုများ၊ ကိန်းဂဏန်းဒေတာ အချက်အလက်များနှင့် အချိန်ယူချိတ်ဆက်ကာ များပြားပြီး ပုဂ္ဂလဓိဋ္ဌာန်ဆန်သောဒေတာများထဲမှ တွေ့ရှိချက်များကို စစ်ထုတ်နိုင်ခဲ့သည်။

**၅။ ပုဂ္ဂလိဓိဋ္ဌာန်ဆန်ခြင်း (ပုဂ္ဂိုလ်စွဲမကင်းခြင်း)နှင့် ဘက်လိုက်မှုများကို ကိုင်တွယ်ခြင်း -**
ဓာတ်ပုံများနှင့် ဖြစ်ရပ်များကို ခွဲခြမ်းစိတ်ဖြာခြင်းသည် ဘက်လိုက်မှုများ ဖြစ်သွားစေနိုင်ပါသည်။ ထိုသို့ဖြစ်နိုင်ခြေကို လျှော့ချရန် မြန်မာပြည်မြေယာနှင့် ကျားမ ရေးရာသိနားလည်ထားမှုများအပေါ် အခြေခံ၍ သုတေသနအဖွဲ့မှ ကျွန်ုပ်တို့၏ ဘက်လိုက်မှုများကို ထောက်ပြရန်နှင့် ဓာတ်ပုံများအပေါ် ကျွန်ုပ်တို့၏ အနက်အဓိပ္ပါယ်ပြန်ဆိုမှုများအပေါ် ဖြည့်စွက်ပေးရန် နေရာပေးခဲ့သည်။

### လမ်းညွှန်မေးခွန်းများ

ဒီပုံမှာ ဘာတွေပါလဲ

ဘာကြောင့် ဒီပုံကို ရိုက်ခဲ့တာလဲ

ဒီပုံကသင့်ကို ဘယ်လိုခံစားမိစေသလဲ

ဒီပုံမှာ မပါတာတွေ ဘာရှိသလဲ



## Deih Boih ကလေးမြို့မိသားစုအတွက် မိခင်တစ်ဦး လုပ်ဆောင်ရသည့် အလုပ်

ကျွန်မအမေက တောထဲမှာ သီးနှံတွေစိုက်တယ် ရိတ်တယ် ကလေးတွေကို ကျွေးဖို့ပေါ့။ ဒီပုံကို ရိုက်လာရတာက ပညာမဲ့မိဘတွေဟာ သူ့မိသားစုကို စောင့်ရှောက်နိုင်ဖို့ ဘာတွေလုပ်ရတယ်ဆိုတာ ပြချင်လို့ပါ။

ကျွန်မတို့ဟာ နာနတ်သီးတွေလို သီးပင်စားပင်တွေ အများကြီးစိုက်ပျိုးခဲ့တဲ့အတွက် စိုက်ပျိုးခြံထဲကို နေ့တိုင်း သွားရပါတယ်။ ဒီပုံကိုကြည့်လိုက်တော့ ကလေးတွေကို ကျွေးမွေးပြုစုဖို့ ကြိုးစားလုပ် ဆောင်တဲ့ ကျွန်မအမေရဲ့ ပင်ပန်းဆင်းရဲမှုတွေကို ခံစားမိတယ်။



Photo Credit: Deih Boh

## ပူးပေါင်းပါဝင်မှုရှိသော ဓာတ်ပုံနည်းပညာ၏ အခန်းကဏ္ဍ

ဤနည်းပညာသည် ကျွန်ုပ်တို့၏ သုတေသနများအတွက် တစ်ဦးချင်းအတွေ့အကြုံများဖြင့် ဖြည့်ဆည်းပေးကာ ပါဝင်သူများ၏ ဦးစားပေးမှုများ၊ အမြင်များ၊ ဘဝအတွေ့အကြုံများကို နားလည်စေပါသည်။ ပါဝင်သူများကိုယ်၌ကလည်း ထိုသို့ပါဝင်ရခြင်းအပေါ် အလွန်ကျေနပ်အားရကြကာ အများစုအတွက် ယခုလို မိမိအကြောင်းမိမိဖော်ပြကာ အများပြည်သူသို့ မျှဝေခွင့်ရခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ဤနည်းပညာသည် လုပ်ငန်းစဉ်ကော ရလဒ်ကိုပါ တန်ဖိုးထားရသည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။ ထိရောက်မှုရှိစေရန်အတွက် သုတေသနသမားများသည် အချိန်ယူကာ ပါဝင်သူများမှ ယုံကြည်မှုရှိရှိဖြင့်မျှဝေလာစေရန်၊ ရင်တွင်းစကားများကို နားထောင်လက်ခံလာစေရန်အတွက် အချင်းချင်းလည်း ယုံကြည်လာစေရန် လုပ်ငန်းစဉ်တလျှောက် ထိတွေ့ပါဝင်ရပါသည်။

### လုပ်ငန်းဆောင်ရွက်စဉ် ရိုက်ကူးထားသောဓါတ်ပုံများကို ဤနေရာတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ww.flickr.com/photos/154354488@N03/albums/72157688368573125

### ပိုမိုသိရှိလိုပါက

Contact catrionakn@gmail.com or info@lcgmyanmar.org

Photo Credit: Par Thulai



### ရည်ညွှန်း


- PhotoVoice (2018) PhotoVoice: Reframing The World <https://photovoice.org/>
- Faxon, H. & Knapman, C. (2017) Myanmar's First Female Farmers' Forum: Reflections and Findings for Land Governance <http://lcgmyanmar.org>
- LCG (2018) Formalising Rights and Marginalising Women? http://lcgmyanmar.org


### ကျေးဇူးတင်လွှာ


သုတေသနပြုလုပ်သော အဖွဲ့သူ/သားများ အားလုံး၊ Hilary Faxon, နော်မူဖော်ထူး၊ အေးမွန်သူနှင့် Dawei Pro Bono Lawyers Network မှ ဝန်ထမ်းများ၊ မီးငယ်နှင့် Rights and Peace မှ ဝန်ထမ်းများ၊ မန်းသိန်းဇော်နှင့် Thwee Community Development Network မှ ဝန်ထမ်းများနှင့်တကွ မိမိအကြောင်းများ၊ ဓာတ်ပုံများနှင့် အကြံဉာဏ်များကို မျှဝေပေးခဲ့သည့် အမျိုးသမီးလယ်သမား ၁၉ ဦးကို ကျေးဇူးတင်ပါသည်။

မြန်မာ့ကျေးလက်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှု အတွက် ကရုဏာရှေ့ထား ကူညီပံ့ပိုးမှုပြုလုပ်ခဲ့သော ဥရောပသမဂ္ဂ၊ ဩစတြေးလျ၊ ဒိန်းမတ်၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဗြိတိန်၊ အမေရိကန်အစိုးရတို့ကို ကျေးဇူးတင်ရှိပါသည်။ ပုဂ္ဂလိကကဏ္ဍမှ အလှူရှင်တစ်ဦးဖြစ်သော မစ်ဆူဘီရှီကော်ပိုရေးရှင်းအားလည်း ကျေးဇူးတင်ပါသည်။


### ကြိုတင်အသိပေးဖော်ပြခြင်း


ဤစာတမ်းကို ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဗြိတိန်၊ အမေရိကန်နိုင်ငံတို့နှင့် မစ်ဆူဘီရှီကော်ပိုရေးရှင်းမှ ငွေကြေးပံ့ပိုးမှုဖြင့် ပြုစုထားပါသည်။ ဤစာတမ်းပါ အမြင်အယူအဆများသည် အဆိုပါမည်သည့်အလှူရှင်၏ တရားဝင်သဘောထားကိုမျှ ကိုယ်စားပြုထင်ဟပ်ခြင်း မရှိကြောင်း အသိပေးဖော်ပြအပ်ပါသည်။